# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 10, 2020 Volume 27, Number 6

**၁၀.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၄၈/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၁၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၈၉/- ကျပ် |
| CBM Rate | = ၁၄၈၄.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၄၆.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၄.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၈၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းရွှေဈေး တစ်ရက်အတွင်း ကျပ်နှစ်သောင်းခန့် ဈေးကျဆင်း

အမေရိကန်-အီရန်စစ် ရေးတင်းမာမှုလျော့ကျလာခြင်းကြောင့် ကမ္ဘာ့ရွှေဈေး ကျဆင်းကာ ပြည်တွင်းရွှေဈေးပါ တစ်ရက်အတွင်း ကျပ်နှစ်သောင်းခန့်ကျဆင်း ကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များကပြောသည်။ အမေရိကန်သမ္မတက အီရန် အပေါ် စစ်ရေးအရ အရေးယူမှုမလုပ်ဆောင်ဟု ပြောကြားခြင်းကြောင့် ကမ္ဘာ့ဈေးကွက် တွင် စတော့ရှယ်ယာဈေး ပြန်လည်မြင့်တက်လာပြီး ရွှေဈေးပြန်ကျခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးလည်း ပြန်လည်ကျဆင်းလာခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။

ကမ္ဘာ့စစ်ရေးတင်းမာမှုကြောင့် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ဒေါ်လာ ၁၆၁၀ အထိအမြင့်ဆုံးတက်ပြီးနောက်မှ ဇန်နဝါရီ ၈ ရက်တွင် ဒေါ်လာ ၁၅၅၀ သို့ ပြန်ကျခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးသည် တစ်ကျပ်သားလျှင် ကျပ် ၁၂၀၀၀၀၀ အောက်မှ ဇန်နဝါရီ ၈ ရက်တွင် ကျပ် ၁၂၃၄၅၀၀ အထိ တစ်ရှိန်ထိုးမြင့်တက်ခဲ့သည်။ ထို့နောက် ဇန်နဝါရီ ၉ ရက်တွင် ၁၂၁၀၀၀၀ အထိ ကျဆင်းခဲ့သည်။ "ရွှေဈေးက ဆက်ကျဦးမယ့်သဘောရှိတယ်။ ကမ္ဘာ့ဈေးလည်းကျမယ်၊ ဒေါ်လာဈေးလည်း ဆက်ကျ နေတော့ ရှေ့ဆက်ဆက်ကျဖို့ပဲရှိတယ်" ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဦးမျိုးမြင့်ကပြောကြားသည်။ လက်ရှိတွင် ပြည်တွင်းရွှေဈေးကွက်၌ အဝယ်နည်း ၍ အရောင်းများနေသည်ဟု ဦးမျိုးမြင့်ကပြောသည်။

**Source:** https://7day.news/%E1%80%95%E1%80%BC%E1%80%8A%E1% 80%BA%E1%80%90%E1

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## အစိုးရကျောက်မျက်ပွဲမှအပ အခြားပြပွဲများတွင် ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်

အစိုးရကဦးစီးပြုလုပ်သည့် ကျောက်မျက်ရတနာပွဲများမှအပ အခြားပြပွဲများတွင် ကျောက်မျက်ရတနာများရောင်းချပါက ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် အခွန် အကောက်သုံးမျိုးစလုံး ပေးဆောင်ရမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနက အသိပေး သည်။ ကျောက်မျက်ရတနာရောင်းချရာတွင် ရတနာခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့ ပေးဆောင်ရမည်ဖြစ်သည်။ ရန်ကုန်မြို့ရှိ Lotte ဟိုတယ် ၌ ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက် အထိပြုလုပ်မည့် တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအရောင်းပြပွဲ ၂၀၂၀ တွင် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးမည်ဟု ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်) က ဇန်နဝါရီ ၃ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားထားသည်။ "ပေးရ မယ်ဆိုတော့ ဘာဖြစ်လဲဗျာ။ နိုင်ငံတော်ပေးတာပဲ။ အဓိက ကိုယ်ရောင်းရဖို့ အရေးကြီး

တာ'' ဟု ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ကပြောသည်။ အစိုးရဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရမည်ထင်ခဲ့ကြောင်း ဦးအောင်မြင့်ကပြောသည်။ သို့သော် ပုဂ္ဂလိကအသင်းအဖွဲ့က အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မည့်အဆိုပါပွဲတွင် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်ပြီး ဝေဖန်မှုများရှိခဲ့သည်။

မြန်မာနိုင်ငံ၌ ကျောက်မျက် ရတနာရောင်းချပါက ရတနာအခွန်ကို ကျောက်စိမ်းအရိုင်းတုံးများ တွင် ၁၁ ရာခိုင်နှုန်း၊ စိန်၊ မြ၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုး တန်ကျောက်မျက် ရတနာများအရိုင်းထည်များတွင် ၉ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ စိန်၊ မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများစွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်ထားသော အခြားပစ္စည်းများ၌ ၅ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဖြစ်သည်။ ထို့အပြင် ကုန်သွယ်လုပ်ငန်းခွန်ကို ရောင်းရငွေ၏ ၅ ရာခိုင် နှုန်း၊ ဝင်ငွေခွန်ကို ကုမ္ပဏီဖြစ်ပါက ၂၅ ရာခိုင်နှုန်းပေးဆောင်ရ မည်ဖြစ်သည်။

**Source:** https://7day.news/%E1%80%A1%E1%80%85%E1%80%AD%E1%80%AF%E1%80%B8%E1

## ထားဝယ်စီမံကိန်းစတင်နိုင်ပြီဟု ထုတ်ပြန်

အချိန်ကြာမြင့်စွာ ရပ် ဆိုင်းထားသည့် ထားဝယ်အထူးစီးပွားရေးဇုန်ပြန်လည်စတင်ရန် ကုမ္ပဏီနှင့်စာချုပ်များပြင်ဆင်ဆောင်ရွက်ပြီး၍ စီမံကိန်းစတင်နိုင်ပြီဟု အဆိုပါဇုန်စီမံခန့်ခွဲမှု ကော်မတီက ဇန်နဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။ ထိုပြင်ဆင်မှုတွင် ထားဝယ် အထူးစီးပွားရေးဇုန် ကနဦးစက်မှုဇုန်နယ်မြေစီမံကိန်းအတွက် ကနဦးအဆင့်စီမံကိန်း ရှစ်ခုအကောင်အထည်ဖော်ရေးအဓိကအခြေခံအချက်များဖြစ်သည်ဟု အဆိုပါထုတ်ပြန်ချက်၌ပါဝင်သည်။ ထိုသို့စာချုပ်ပြင်ဆင်သတ်မှတ်ရာတွင် မြန်မာအစိုးရအတွက် ပိုမိုစွန့်စားရခြင်း၊ ငွေကြေးအကျိုးအမြတ်လျော့နည်းစေခြင်းတို့မပေါ်ပေါက်စေကြောင်း ကော်မတီကဆိုသည်။ ထိုစာချုပ်ပြင်ဆင်ချုပ်ဆိုရာတွင် ငွေကြေးအရင်းအနှီးအခွင့်အလမ်းများ ပိုမိုရရှိပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေ မည်ဟု ကော်မတီကဆိုသည်။ ကော်မတီသည် အီတာလျံ-ထိုင်းကုမ္ပဏီကို စီမံကိန်းစတင်ဆောင်ရွက်နိုင်ကြောင်း အကြောင်းကြားပေးပို့မည်ဟုဆိုသည်။ လက်ရှိတွင်ကုမ္ပဏီထံမှ ငွေလုံးငွေရင်းအတွက် တိကျသောလိုအပ်ချက် များ၊ အထောက်အထားများ ရရှိ ပြီးဖြစ်သည်ဟု ကော်မတီကထုတ်ပြန်ထားသည်။ ''ထိုင်းကုမ္ပဏီက စာချုပ် တွေလက်ခံပြီးတာနဲ့ စီမံကိန်းစ တင်လို့ရပါပြီ'' ဟု ထားဝယ်အ ထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော် မတီ ဒုတိယဥက္ကဋ္ဌဒေါက်တာမြင့်ဆန်းကပြောသည်။

ယခုပြင်ဆင်ထားသည့်စာချုပ်များတွင် စက်မှုဇုန်ကနဦးစီမံကိန်းများပါဝင်ပြီး မကြာမီသဘာဝဓာတ်ငွေ့ရည်ဆိပ်ကမ်းစီမံကိန်း၊ ကနဦးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆိပ်ကမ်းငယ်စီမံကိန်းများ ဆောင်ရွက်ခွင့်များကို ဆက်လက်ပေးပို့မည်ဟု ကော်မတီကဆိုသည်။ အီတာလျံ-ထိုင်းကုမ္ပဏီက ကနဦးစီမံကိန်းကို အကောင်အထည်ဖော်နေသည့် ကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အခြားစီမံကိန်းများကို သီးခြားကုမ္ပဏီများနှင့် စတင်ဆောင်ရွက်နေသည်ဟု ကော်မတီကဆိုသည်။ ထိုညှိနှိုင်းမှုများတွင် တရုတ်၊ကိုရီးယားနှင့် ထိုင်းကုမ္ပဏီများပါဝင်သည်ဟု ဒေါက်တာမြင့်ဆန်းကဆိုသည်။ ထားဝယ်အထူးစီးပွားရေးဇုန်၌ ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းဟူ၍ နှစ်ပိုင်းရှိသည်။

ထားဝယ်အထူးစီးပွားရေး ဇုန်ကို ၂၀၀၈ တွင် စတင်ပြီးမြေ ဧရိယာတစ်ခုလုံးကို အီတာလျံ-ထိုင်းကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိသော်လည်း လုပ်ငန်းလုပ်ကိုင်နိုင်ခြင်းမရှိ၍ ကုမ္ပဏီနှင့်မြန်မာအစိုးရကြားညှိနှိုင်းကာ ၂၀၁၅ ၌ ဧက၆၆၀၀ သာပေး ရန် မြန်မာအစိုးရကဆုံးဖြတ်ခဲ့သည်။ လက်ရှိတွင် အထူးစီးပွားရေးဇုန်စီမံကိန်းစတင်နိုင်ရန် ထိုင်းနယ်စပ်မှ အထူး စီးပွားရေးဇုန်သို့သွားသည့် နှစ်လမ်းသွားလမ်းမကို အီတာလျံ-ထိုင်းကုမ္ပဏီအားဖော်ဆောင်ခွင့်ပေးထားသည်။ ဘဏ္ဍာရေး အခက်အခဲကြောင့် စီမံကိန်းရပ်ဆိုင်းခဲ့သည့် ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၁၅ ဇူလိုင်တွင် စီမံကိန်းပြန်လည်စတင်ရန် မြန်မာ-ထိုင်း-ဂျပန်သုံးနိုင်ငံအစိုးရချင်းဆွေးနွေးပြီး ဂျပန်အစိုးရက စီးပွားရေးဇုန်အပါအဝင် ထားဝယ်ဒေသဖွံ့ဖြိုးရေး ဒေါ်လာ သန်း ၈၀၀ ကျော်ထုတ်ချေးရန် သဘောတူခဲ့သည်။

**Source:** https://7day.news/%E1%80%91%E1%80%AC%E1%80%B8%E1%80%9D%E1%80%9A%E1

## မိုးရွာသွန်းမှုကြောင့် ဈေးကွက်အတွင်း ကြက်သွန်အဝင်နည်းချိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံကဝယ်ယူမှုကြောင့် ကြက်သွန်နီဈေးခုန်တက်


မြန်မာနိုင်ငံနေရာ တော်တော်များများမှာ အချိန်အခါမဟုတ်မိုးရွာသွန်းခဲ့တာကြောင့် ကြက်သွန်နီတွေဈေးကွက်အတွင်း အဝင်နည်းနေတဲ့အချိန်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံက ကြက်သွန်နီ ပြန်ဝယ်နေတာကြောင့် ကြက်သွန်နီဈေး တစ်ပိဿာကို ကျပ် ၅၀၀ ဝန်းကျင်ခုန်တက်သွားတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့ လထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံက ကြက်သွန်နီကို ဝယ်ယူဖို့ဆွေးနွေးခဲ့ပြီး အခုရက်ပိုင်း ပြန်လည်ဝယ်ယူနေတာဖြစ်ပါတယ်။ လက်ရှိအချိန်က ကြက်သွန်ဖော်နေချိန်ဖြစ်ပြီး မိုးရွာ တာကြောင့် ကြက်သွန်နီတူးဖော် မှု ရပ်နားနေရတာဖြစ်ပြီး ဈေးကွက်ထဲကို အဝင်နည်းတယ်လို့ ရွှေမန်းလှ ကြက်သွန်နီ ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်ကပြောပါတယ်။ သူက ဘင်္ဂလားဒေ့ရှ်အဝယ်ရပ်ရင် ကြက်သွန်ဈေးပြန်ကျတယ်၊ ပြန်ဝယ်ရင်ဈေးပြန်တက်တယ်၊ ဒီရက်ပိုင်းမိုးရွာလို့ တောင်သူတွေကြက်သွန်ဖော်တာ ရပ်နေရတဲ့အချိန်မှာ ဘင်္ဂလားဒေ့ရှ်ကလည်းပြန်ဝယ်နေတယ်၊ အဲဒါကြောင့် ဈေးကချက်ချင်း ဒီလောက်ပြန်တက်သွားတာလို့ပြောပါတယ်။

လက်ရှိမှာ မန္တလေးမြို့ကို မြစ်သားနှင့်ရွှေဘိုဒေသတွေက ကြက်သွန်နီတွေ အဓိကဝင်ရောက်နေ တာ ဖြစ်ပြီး နယ်ဒေသက ကြက်သွန်ဝယ်နှုန်းပေါ်မူတည်ပြီ မန္တလေးမြို့သို့ ကြက်သွန်အဝင် ပမာဏပြောင်းလဲမှုရှိတယ်လို့ သိရပါတယ်။ မြန်မာ့ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်ကဝယ်ယူဖို့ဆွေးနွေးခဲ့တဲ့အပြင် အိန္ဒိယနိုင်ငံကလည်း ဝယ်ယူဖို့ချိတ်ဆက်မှုတွေလုပ်ဆောင်မယ့်အခြေအနေမှာရှိတယ်လို့ မန္တလေးတိုင်းဒေသကြီး ကြက်သွန်ဖြူ ကြက်သွန်နီနှင့်စားဖိုချောင်သီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မျိုးဦးကပြောပါတယ်။

သူက လက်ရှိက ဘင်္ဂလားဒေ့ရှ်က ဝယ်ဖို့လဲဆွေးနွေးခဲ့ပြီးပြီ၊ ပြန်လဲဝယ်နေပြီ၊ ဒါကြောင့်ဈေးက ဒီရက်ပိုင်းမိုးကြောင့် ပြန်တက်တာ ရှိတယ်၊ ပြီး တော့ အိန္ဒိယနိုင်ငံကလဲ ဝယ်ယူဖို့ဆွေးနွေးမယ်ဆိုတဲ့ သတင်းတွေကြားနေရတယ်လို့ ပြောပါတယ်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစတင်ပြီး တရုတ်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေက ကြက်သွန်ဝယ်ယူမှုကြောင့် ကြက်သွန်နီဈေးနှုန်းမှာ ပွဲရုံဈေး တစ်ပိဿာ ကျပ် ၃၀၀၀ အထိ စံချိန်တင်အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့ပါတယ်။ လက်ရှိ မန္တလေးမြို့ ကြက်သွန်ဈေးကွက် ကြက်သွန်ဈေးနှုန်းမှာ တစ်ပိဿာပွဲရုံဈေး ကျပ် ၂၀၀၀ ဝန်းကျင်ဈေးကိုပြန်ရောက်လာပါတယ်။

**Source:** https://www.kumudranews.com/news-36691?fbclid=IwAR3Zu0m7gIJdDoWf7plxaqtdo1jjOzF3FxnPW r5oXrwxwVbRMGRhDHvUlmo

## ဖရဲဈေးကျဆင်း



အခုနှစ်ဇန်နဝါရီလအစမှာ ဈေးကောင်းခဲ့တဲ့ ဖရဲဈေးကွက်ဟာ ဇန်နဝါရီဒုတိယပတ်မှာ ဈေးပြုတ်ကျသွားတယ်လို့ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးပွဲရုံအချို့က သိရပါတယ်။ တရုတ်နှစ်ကူးရှိနေတဲ့အတွက် ဈေးမြင့်နိုင်တယ်လို့ ပွဲရုံအချို့က ခန့်မှန်းတဲ့အတိုင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့မှာ ၈၅၅ ဖရဲ စီးပြတ်တစ်စီးကို တရုတ် ယွမ် ၃၅၀၀၀ ကနေ ၄၅၀၀၀ ယွမ်၊ ၂၁၁ ဖရဲ တစ်စီးကို ယွမ် ၂၅၀၀၀ က နေ ယွမ် ၃၀၀၀၀ ဈေး ပိတ်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၂၀ ပြည့်နှစ် ဇန် နဝါရီလစမှာ တဖြည်းဖြည်းဈေး မြင့်တက်လာခဲ့ပြီး ဇန်နဝါရီလ ၇ ရက်နေ့မှာ ၈၅၅ တစ်စီးကို တရုတ် ယွမ် ၄၀၀၀၀ ကနေ ယွမ် ၅၂၀၀၀ ၊ ၂၁၁ ဖရဲတစ်စီး ကို ယွမ် ၃၅၀၀၀ ကနေ ယွမ် ၅၀၀၀၀ ယွမ်ထိ ဈေးမြင့်တက်ခဲ့ပါတယ်။ သို့သော်လည်း ဇန်နဝါရီလ ၈ ရက်နေ့မှာတော့ ၁၀ ရာခိုင်နှုန်းခန့်ဈေးပြုတ်ကျတယ်လို့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ ခွာညိုသစ်သီးပွဲရုံပိုင်ရှင် စိုင်းခင်မောင်ကပြောပါတယ်။ ဒီမှာအဝင်ကပိုများလာ တယ်၊ တရုတ် ဈေးကွက်ဘက်မှာလဲ အအေးပိုလာတယ်၊ အဲဒီအကြောင်းရင်းနှစ်ချက်ကြောင့် ဈေးကွက်ပြုတ်ကျတာပါ၊ တရုတ်နှစ်သစ်ကူးမှာသူတို့ဘက်က ရာသီဥတုနည်းနည်းပွင့်လင်းလာမယ်ဆိုရင်တော့ ကောင်းသွားမှာပါလို့ စိုင်းခင်မောင်ကပြောပါတယ်။

ဇန်နဝါရီ ၈ ရက်နေ့ ဈေးနှုန်း တွေက ၈၅၅ တစ်စီးကို တရုတ် ယွမ် ၃၈,၀၀၀ ကနေ ယွမ် ၄၀၀၀၀၊ ၂၁၁ ဖရဲ တစ်စီးကို ယွမ် ၃၅၀၀၀ ကနေ ယွမ် ၄၃၀၀၀ ဈေးကျသွားတာပါ။ ဒါ့အပြင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့မှာ အစေ့မဲ့ ဖရဲတစ်တန်ကို တရုတ်ယွမ် ၃၀၀၀ ကနေ ၃၆၀၀ ဈေးဖြစ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်နေ့မှာ အစေ့မဲ့ ဖရဲတစ်တန်ကို တရုတ်ယွမ် ၃၀၀၀ ကနေ ၃၃၀၀ ယွမ်ဈေး ဖြစ်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဖရဲဈေးကွက် ကျဆင်းနေတဲ့အတွက် တောင်သူတွေအနေနဲ့ သတင်းအချက်အလက်တွေကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်နေဖို့လိုတယ်လို့ မူဆယ် ၁၀၅ မိုင် ဇုန်ရှိ ပွဲရုံအချို့က သတိပေးပါတယ်။

**Source:** https://www.kumudranews.com/news-36689?fbclid=IwAR01_5nFoWwUjmcp7oTamWHXsRF1zlr VUOm WOm2jqUoRoL0znGUM32WENmk

## ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်အေးနေ

မန္တလေးမြို့မှ တရုတ်နိုင်ငံသို့တင်ပို့နေတဲ့ နှမ်းမျိုးစုံနှင့်ပဲမျိုးစုံဈေးကွက်မှာ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ် အေးနေတဲ့အတွက် တရုတ်နှစ်သစ်ကူးကျော် ဇန်နဝါရီလကုန်ပိုင်းမှသာ ပုံမှန်ပြန်ဖြစ်နိုင်ကြောင်း မန္တလေးမြို့ ပဲ၊ နှမ်း ကုန်သည်များထံမှသိရပါတယ်။ တရုတ်နှစ်သစ်ကူးနီးလာပြီဖြစ်၍ သစ်သီးဈေးကွက်မှာ အရောင်းအဝယ်အားကောင်းနေပြီး တခြားပဲလိုင်းများမှာ အဝယ်အေးနေကာ ဈေးကွက်အတွင်း အသစ်ဝင်ရောက်လာတဲ့ ပဲတီစိမ်းပမာဏမှာ နည်းပါးနေ သေးကြောင်း မန္တလေးကုန်စည်ဒိုင်မှ ပဲကုန်သည် တစ်ဦး၏ ပြောကြားချက်အရသိရပါတယ်။ ၎င်းအပြင် ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများကြောင့် အသစ်ဝင်ရောက်လာတဲ့ ပဲတီစိမ်းများမှာ ပမာဏများများ ဝင်ရောက်လာခြင်းမရှိသေးဘဲ မူဆယ် နယ်စပ်ကုန်သွယ်ရေးဇုန်မှလည်း သစ်သီးဈေးကွက် ကောင်းနေချိန်ဖြစ်သောကြောင့် ယခင်နှစ်ထက်စောကာ ဈေးကွက် အေးနေခြင်းဖြစ်ကြောင်းသိရပါတယ်။

တရုတ်နှစ်သစ်ကူးကာလဖြစ်တဲ့ ဇန်နဂါရီ ၂၅ ရက်မတိုင်မီ ရက်သတ္တပတ်နှင့် နှစ်သစ်ကူးပြီးနောက် ရက်သတ္တပတ် များဟာ တရုတ်လူမျိုးများအနေဖြင့် မွေးရပ်မြေများသို့ပြန်ကြတဲ့အတွက် မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့်တင်ပို့နေတဲ့ ကုန်စည်စီးဆင်းမှုများကို ယာယီရပ်နားလေ့ရှိကြောင်းလည်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2606-beans-market.html

## ကော်ဖီသီးရူးဆွတ်ရာသီအတွင်း ကော်ဖီစေ့တန်ချိန် ၁၀၀၀ ခန့် ပြည်ပတင်ပို့နိုင်ရန်မျှော်မှန်း

ကော်ဖီသီးရူးဆွတ် ရာသီအတွင်း ပြည်တွင်းကော်ဖီ ထုတ်လုပ်မှုမှ ကော်ဖီ စေ့တန်ချိန် ၂၀၀၀ မှ ၂၅၀၀ အတွင်းထွက် ရှိမည်ဟု ခန့်မှန်းထားပြီး ပြည်ပ သို့ တန်ချိန် ၁၀၀၀ ခန့် တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံကော်ဖီ အသင်းမှသိရသည်။"ဒီနှစ် ပြည်ပပို့ဖို့ မှန်းတာတော့ တန်ချိန် ၈၀၀ နဲ့ ၁၀၀၀ကြားလောက် အကြမ်းဖျင်းမှန်းပါတယ်။ ထုတ်လုပ်မှုက တန်ချိန် ၂၀၀၀ ကနေ ၂၅၀၀ လောက်အထိရှိတယ်။ ကျန်တာကတော့ ပြည်တွင်းသုံးနဲ့ နယ်စပ် ပို့ကုန် ဖြစ်မယ်လို့ ထင်ပါတယ်"ဟု အဆိုပါအသင်းဥက္ကဋ္ဌ ဦးမျိုးအေးကပြောသည်။ ပြည်တွင်းနှင့်ပြည်ပကော်ဖီ ပို့ကုန်ဈေးကွက်ကို လက်ရှိတွင် ခန့်မှန်းထားချက်သာရှိဆဲဖြစ်ပြီး ပို့ကုန်အတိအကျယတိပြတ်ပြောရန် မဖြစ်နိုင်သေးဘဲ ရာသီချိန် အပြီးသတ် ထွက်ချိန်မှသာ အတိအကျခန့်မှန်းနိုင်မည်ဖြစ်ကာ အသင်းအနေဖြင့် ပြည်ပဝယ်လက်အသစ်များဖြင့် ချိတ်ဆက်နိုင်အောင် ကြိုးပမ်းမည်ဖြစ်ကြောင်း ဦးမျိုးအေးကပြောသည်။ "ကျွန်တော်တို့ မြန်မာမှာ ကော်ဖီ ကမ္ဘာ့ဈေးကွက် ဈေးနှုန်းဆိုတာရှိတယ်။ ကျွန်တော်တို့က အာရေဗီးကား အများဆုံးထုတ်တယ်။ အာရေဗီးကားမှာမှ အထူးတန်းကော်ဖီကဈေးပိုရတယ်။ အရည် အသွေးမြင့်ရင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၅၀၀ ကနေ ၈၀၀၀၊ ၁၀၀၀၀ လောက်ထိရတယ်။ ကမ္ဘာ့ကြမ်းခင်းဈေးက နည်းရင်နည်းနိုင်ပေမယ့် မြန်မာပြည်ကျတော့ ထူးခြားတဲ့ကွာလတီဆိုပြီး အမှတ်တွေပေါင်းတယ်။ ကျွန်တော်တို့ကဘာကြောင့် ဈေးရနေ တာလဲဆိုတော့ နိုင်ငံရဲ့ မူလရင်းမြစ် အစစ် ဖြစ်တာရယ်၊ သဘာဝအတိုင်း ထုတ်လုပ်တာရယ်၊ ထူးခြားတဲ့ အရည်

အသွေးအရသာရှိတဲ့အတွက် ဈေးနှုန်းရပါတယ်။ ဒါတွေကို ထိန်းသိမ်းပြီးလုပ်မှ ဈေးကောင်းရမှာ။ ပေါ်ပေါ်ပဲပဲလုပ်၊ မြေသြဇာကို မကောင်းတာတွေသုံးရင် ဈေးမရတော့ဘူး” ဟု ဦးမျိုးအေးကပြောသည်။

အဆိုပါ ကော်ဖီသီးခူးဆွတ်ချိန်ရာသီသည် ဒီဇင်ဘာလမှ ဖေဖော်ဝါရီ လအထိဖြစ်ပြီး ထိုခူးဆွတ်ကာလ ကုန်ဆုံးပါက ကော်ဖီအရည်အသွေးကို ပြည်ပဝယ်လက်များထံ မိတ်ဆက်ပြသရန် ပြင်ဆင်လျက်ရှိကာ လက်ရှိတွင် အမေရိကန်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆက်လက်ပြောကြားသည်။ “မြန်မာ့ကော်ဖီကို ကမ္ဘာကသိအောင်လုပ်ဖို့လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက ကြိုးစားတည်ဆောက်လာတာ ဒီနေ့အချိန်မှာ မြန်မာ့ကော်ဖီ က ဘယ်လိုအရည်အသွေးရှိတယ်ဆိုတာ ကမ္ဘာကသိလာတဲ့ အနေအထား ရောက်လာပါတယ်။ ဟောင်ကောင်၊ စင်ကာပူကနေ အမေရိကန်ဈေးကွက်အထိ ကျွန်တော်တို့တိုးချဲ့လာနိုင်လို့ တခြားနိုင်ငံတွေလည်း မြန်မာ့ကော်ဖီ အရည်အသွေးကို စသိရှိလာပါပြီ။ မြန်မာ့ကော်ဖီက လာမယ့်နှစ်အနည်းငယ်အတွင်း အခြေအနေတော်တော်ကောင်းလာနိုင်ပါတယ်”ဟု ဒေါက်တာရဲတင့်ထွန်းက သုံးသပ်သည်။

လက်ရှိတွင် မြန်မာ့ကော်ဖီသည် USAID နှင့် WinRockInternational အဖွဲ့အစည်းများ၏ အကူအညီဖြင့် အမေရိကန်ဈေးကွက်တွင် နေရာရရှိနေပြီး ဥရောပဈေးကွက်အပြင် ဂျပန်၊ ကိုရီးယား၊ ကနေဒါနိုင်ငံဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ကော်ဖီအမျိုးအစားအနေဖြင့် အာရေဗီးကား (Arabica) ကော်ဖီနှင့် ရိုဘတ်စတာ (Robusta) ကော်ဖီနှစ်မျိုးရှိသည့်အနက် အာရေဗီးကားကုန်းမြင့်ကော်ဖီ (အထူးတန်းဝင်ကော်ဖီ) ကို အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ ယခုလက်ရှိ မြန်မာ့ကော်ဖီစိုက်ခင်း ဧက ၅၀၀၀၀ ခန့်တွင် အာရေဗီးကားကော်ဖီ စိုက်ဧက ၄၀၀၀၀ ခန့်ရှိပြီး အရည်အသွေးအပေါ်မူတည်၍ မြန်မာ့ကော်ဖီသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၈၀၀၀ နှင့်အထက် ဈေးနှုန်းရှိနေပြီး ပုံမှန်အရည်အသွေးဆိုပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့်ရှိကြောင်းသိရသည်။

**Source: commerce.gov.mm**

https://business.facebook.com/SFJWeekly/posts/2925296427557630?__tn__=K-R

## နစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်းတွေမှ ဆန်တန်ချိန် ၉ ထောင်ကျော်တင်ပို့

ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန်ကိုးထောင်ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၅၅၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၄၀၀ နီးပါး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၃၀၀ ကျော်နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၀၀၀ တင်ပို့ခဲ့ပါသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၈၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာသုည ဒသမ ၀၂၈ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၀၀ ကျော်တင်ပို့ခဲ့သည်။ လွယ်ဂျယ်ကုန်သွယ်ရေးခစန်းမှ တန်ချိန် ၇၀ ကျော်နှင့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၀ တင်ပို့ခဲ့ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့ မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၉၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ဒီဇင်ဘာ ၁၅ ရက် မှ ၂၁ ရက် ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်းကျော် တန်ဖိုးရှိ ဆန်တန်ချိန် လေးသောင်းကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ အာရှနိုင်ငံများသို့ တန်ချိန် ၁၆၀၀၀ နီးပါး၊ အီးယူနိုင်ငံများသို့ တန်ချိန် ၅၇၀၀ နီးပါးနှင့် အာဖရိကနိုင်ငံများသို့ တန်ချိန် ၂၀၀၀၀ ကျော်တင်ပို့ခဲ့သည်ဟုသိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် တစ်သောင်းကျော်ပိုမိုခဲ့သည်။ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်ကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းကျော် တန်ဖိုးရှိ ဆန်ကွဲတန်ချိန် နှစ်သောင်းကျော်

တင်ပို့ခဲ့ကြောင်း သိရသည်။

အာရှနိုင်ငံများသို့ တန်ချိန် ၁၀၀ ကျော်၊ အီးယူနိုင်ငံများသို့ တန်ချိန် ၁၂၀၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၈၅၀၀ နီးပါးတင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၁၅၀၀၀ ကျော် လျော့နည်း တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ခုနစ်သောင်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် တန်ချိန်လေးထောင်နီးပါး လျော့နည်းခဲ့ကြောင်းသိရသည်။

**Source: SFJ Strategy First Journal**

https://business.facebook.com/SFJWeekly/posts/2927329764020963?__tn__=K-R

## တရုတ်နိုင်ငံ၌ နှစ်ကူးကာလ ခရီးသွားမှုများစတင်ချိန်တွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အရှိန်မြင့်တင်

ကမ္ဘာ့လူဦးရေ အများဆုံး နိုင်ငံ ဖြစ်သော တရုတ်နိုင်ငံသည် နွေဦး ပွဲတော် သို့မဟုတ် တရုတ် နှစ်သစ်ကူး ကာလ မတိုင်မီ ၁၅ ရက် အလိုတွင် နှစ်စဉ် အကြီးမားဆုံး ခရီးသွားလာမှုအား ယနေ့ ဇန်နဝါရီ ၁၀ ရက်တွင် စတင်လိုက်ကြောင်းသိရသည်။ မိသားစု ပြန်လည်စုံဆည်းကြရန်အတွက် ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက် အထိ ကြားကာလအတွင်း ခရီးသွားလာမှုမှာ ခရီးစဉ်ပေါင်း ၃ ဘီလီယံထိ ရှိနိုင်မည်ဖြစ်ပြီး ယမန်နှစ်ကထက် အနည်းငယ်မြင့်တက်နိုင်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြုပြင်ပြောင်းလဲရေးကော်မရှင်(NDRC)၏ ခန့်မှန်းမှုအရသိရသည်။ NDRC ၏ ခန့်မှန်းချက်အရ မီးရထား ခရီးစဉ်များမှာ ၈ ရာခိုင်နှုန်း ၊ လေကြောင်း ခရီးစဉ်များမှာ ၈ ဒသမ ၄ ရာခိုင်နှုန်း နှင့် ရေလမ်း ခရီးစဉ်များမှာ ၉ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးများပြားလာနိုင်ကြောင်းသိရသည်။

အဆိုပါ ရက်ပေါင်း ၄၀ ကြာ ခရီးသွားလာခြင်းအား နှစ်ကူးနွေဦးပွဲတော်တွင် ခရီးသည်သယ်ယူပို့ဆောင်ခြင်း ချွန်းယွင့်(chunyun)အဖြစ် လူသိများထင်ရှားပြီး ယခုနှစ် တရုတ်နှစ်သစ်ကူးသည် ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်နေရာ ယခင်နှစ်များထက် နှစ်သစ်ကူးရက် စောလျင်စွာကျရောက်နေသဖြင့် တက္ကသိုလ်ကျောင်းသားများ၏ အိမ်ပြန်ချိန်နှင့် တိုက်နေခြင်းကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ နွေဦးပွဲတော် ခရီးသွားလာရေးအတွက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ စတင်ကာ ကြိုတင်လက်မှတ်ရောင်းချခဲ့ရာ ရထားလက်မှတ်ပေါင်း သန်း ၃၀၀ ကျော်ရောင်းချထားပြီး ဖြစ်ကြောင်း တရုတ်နိုင်ငံ မီးရထားလုပ်ငန်းထံမှသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ၂၀၁၈ ခုနှစ်အတွင်း တရုတ်၏စီးပွားရေးပတ်ဝန်းကျင်၌ ထိပ်တန်းရောက်ခဲ့သည့် ကွမ်ကျိုးပြည်နယ်

၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ မြို့တော်စီးပွားရေးပတ်ဝန်းကျင်စာရင်း၌ ကွမ်ကျိုးပြည်နယ်က ထိပ်တန်းမှ ရပ်တည်ခဲ့ပြီး၊ ၎င်း၏ နောက်တွင် ရှန်းကျန့်၊ ရှန်းဟိုင်း၊ ဘေကျင်းနှင့်နန်ကျင်းတို့က ဒုတိယနေရာမှ ပဉ္စမနေရာများတွင် အသီးသီးရှိခဲ့ကြောင်း၊ ၎င်းမြို့(၅)မြို့တို့၏ အလုံးစုံရမှတ်များမှာ အမှတ်(၉၀)ထက် မြင့်မားကြကြောင်း ဒီဇင်ဘာလ (၂၃)ရက်နေ့က Chinese Academy of Social Sciences (CASS) မှ ထုတ်ပြန်သည့် အစီရင်ခံစာအရသိရပါသည်။ ၎င်းအစီရင်ခံစာကိုပြုစုရန် တရုတ်နိုင်ငံတစ်ဝှမ်းမှ အဓိကမြို့ပေါင်း (၃၄)မြို့အား ရွေးချယ်ခဲ့ပြီး အစိုးရရေးရာ၊ ဈေးကွက်လည်ပတ်မှုများ၊ လူမှုရေးဆိုင်ရာပတ်ဝန်းကျင်၊ တရားဥပဒေစိုးမိုးမှုနှင့် တံခါးဖွင့်ပေးမှုဟူသည့် ရှုထောင့် (၅)ရပ်မှ တိုင်းတာခဲ့ခြင်းဖြစ်ပါသည်။ ဟန်ကျိုး၊ ကျင်းအန်၊ နင်းဘို၊ ဝူဟန်နှင့် ချမ်ဒူးမြို့များအပါအဝင် အခြားမြို့များမှာ ဆဌမနေရာမှ ဒသမနေရာတွင် တည်ရှိခဲ့ပါသည်။ စစ်တမ်းများနှင့် အစိုးရစာရင်းအင်းများကို အခြေခံခဲ့ကာ၊ ၎င်းအဓိက မြို့များ၏ စီးပွားရေးပတ်ဝန်းကျင်တွင် ရှိနေပြီးဖြစ်သော ပြဿနာများ၊ ၎င်းပြဿနာများကို တိုးတက်ဖြေရှင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုလျက် လက်ရှိအခြေအနေအား သုံးသပ်ခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းပေါင်း (၁၀၃၁၁) ပါဝင်သည့် ဆွေးနွေးပွဲ ကျင်းပခြင်း၊ မေးခွန်းလွှာဖြန့်ဝေမေးမြန်းခြင်း၊ အချက်အလက်ဆန်းစစ်ခြင်းနှင့် အင်တာဗျူးပြုလုပ်ခြင်းတို့ဖြင့် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် စီးပွားရေးပတ်ဝန်းကျင်မှာ အဓိကကျပြီး၊ ယခုကဲ့သို့ အညွှန်းကိန်း ဖော်ထုတ်ခြင်းမှာ ၎င်းနိုင်ငံ သို့မဟုတ် ၎င်းဒေသမှာ ဒေသတွင်း၌ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ၌ မည်ကဲ့သို့ ယှဉ်ပြိုင် နိုင်သည်

ဟူသည်ကို ထင်ဟပ်စေရန် အရေးပါလှပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ကွမ်ကျိုးမှာ တရုတ်နိုင်ငံ၏ အထင်ရှားဆုံး ရင်းနှီးမြှုပ်နှံမှုမြို့တော်ဖြစ်ခဲ့ပြီး၊ လက်ရှိအချိန်တွင် ၎င်းမြို့၌ နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းပေါင်း (၃၄၀၀၀) ရှိနေပါသည်။ ၎င်းလုပ်ငန်းများအနက် လုပ်ငန်းပေါင်း (၃၀၀)ကျော်မှာ Fortune 500 စာရင်းဝင် (ဝင်ငွေအကောင်းဆုံး) ကုမ္ပဏီများဖြစ်ကြပါသည်။ ၂၀၁၈ခုနှစ်အတွင်း ကုမ္ပဏီမှတ်ပုံတင်ပြီးစီးရန် (၃) ရက်ခန့် ကြာမြင့်သောကြောင့် စီးပွားရေးလုပ်ငန်းမှတ်ပုံတင်သည့် ကြာမြင့်ချိန်နှင့် ကုန်ကျစရိတ်ကို လျှော့ကျစေခြင်းကဲ့သို့သော စီးပွားရေးပတ်ဝန်းကျင်အား ပိုမိုကောင်းမွန်လာစေရန် ပြုပြင်ပြောင်းလဲမှုများကို ထပ်မံဆောင်ရွက်ရန် ကွမ်ကျိုးအာဏာပိုင်များက ကြိုးပမ်းနေပါသည်။ လာမည့်နှစ်တွင် စီးပွားရေးလုပ်ငန်းမှတ်ပုံတင်သည့် လုပ်ငန်းစဉ်တစ်ရပ်လုံးကို တစ်နေ့တာအတွင်း ပြီးစီးစေရေး အကောင်အထည်ဖော်သွားရန် ရည်ရွယ်ထားကြောင်း သတင်းရရှိပါသည်။

**Source: စီးပွားရေးသံမှူး-နန်နင်း**

## Thura News Views

**China border trade passes USD 1 billion in first month**

The Ministry of Commerce says border trade between Myanmar and China passed the USD 1 billion mark in the first month of the 2019-2020 fiscal year. The booming trade comes despite a surge in violence along key trade routes and highlights Myanmar's growing trade relationship with China.

In October 2019, the first month of the fiscal year, the total trade value between Myanmar and China was USD 1,006,768, according to data obtained by Daily Eleven. Myanmar imported around USD 550 million from China. The high number illustrates a deepening trade partnership between the two countries as China continues to develop its Belt and Road initiative (BRI) in Myanmar. That project, the China-Myanmar Economic Corridor, calls for massive new infrastructure, including highways, oil and gas pipelines and a high-speed railway linking Mandalay with the border post of Muse.

"Myanmar and China will sign the MoU on the establishment of China-Myanmar border economic cooperation zones," Daily Eleven quoted Union Minister for Commerce Dr. Than Myint as saying. "We basically plan to build it at Muse Namkham border in Myanmar side. China wants to implement it at Muse border."

The high trade volume comes after a summer of intense violence with the Northern Alliance of ethnic armed groups that hampered the flow of goods along the highway between Mandalay and Muse. The situation caused China to pressure both sides to end the fighting, although currently no permanent ceasefire has been reached.

**Union org to propose minimum wage hike**

A year of strikes and labor tensions may result in a rise in the national minimum wage.

The Confederation of Trade Unions of Myanmar (CTUM) has said that it will propose raising the minimum wage at this year's meeting of the National Committee for Minimum Wage. After conducting a broad survey of the cost of living in Yangon and several states and regions, the CTUM, a labor activist group, will recommend raising the daily minimum wage from MMK 4800 to MMK 7200, CTUM member U Win Zaw told the Myanmar Times.

The proposed wage increase comes after a year of strikes and protests among garment factory workers, notably in the cities of Pathein, in Ayeyarwady Region, and Hlaingthaya, a suburb of Yangon. In addition to higher wages and better working conditions, strikers called for greater protections for employees and accountability for owners and managers.

Myanmar's first daily minimum wage was set in 2015 at MMK 3600, and was increased to MMK 4800 in May,

2018. In both cases, the business community (led by members of the garment industry, Myanmar's main manufacturing sector) has argued that raising daily wages would drive foreign investors away from Myanmar and force factories to cut overtime and benefits for workers. Critics also argue that raising wages will only drive up the price of Myanmar-made products, thereby increasing inflation.

In its survey, the CTUM has also taken into account the plummeting value of the kyat, which has greatly reduced the buying power of the current daily wage. When the minimum wage rose in May 2018, one dollar was worth around 1330 kyat. At the time of writing, the exchange rate is 1470 kyat to one dollar. Minimum wage supporters also point out that Myanmar's is still one of the lowest in Southeast Asia. For example, Cambodia has a wage of USD 190 per month, roughly MMK 9000 per day.

**Four ways Myanmar can boost online shopping**

Even the United Nations says Myanmar is dismal for online shopping. The country ranked 126th in the The United Nations Conference on Trade and Development's (UNCTAD) "Business-to-Consumer (B2C) E-commerce Index." measuring an economy's preparedness to support online shopping. Although Myanmar has made great strides in the last few years with new online retailers such as Shop.com.mm, it still has a lot of ground to cover.

The UNCTAD ranking is based on four criteria: Internet server access, postal service reliability, share of population who use the Internet, and number of people older than 15 with a bank account or mobile-money-service account. This is a brief look at where Myanmar stands on each of these:

**Access to Secure Internet Servers**

This metric measures the number of secure internet servers per 1 million people. Myanmar reached only 24 out of 100 possible points, indicating that there is a lack of server collocation and cloud services providers in the country.

**Postal Service Reliability**

Unfortunately, sending non-digital parcels in Myanmar still has a long way to go. There are some successful private logistics services like DHL, which has recently opened a new warehouse in Yangon. However, outside the major cities, many people rely on informal channels and passenger bus services to send packages. For now, ambitious online retailers would likely need to create their own delivery networks to reach consumers outside of Yangon, Mandalay and Nay Pyi Taw.

**Share of the Population who Use the Internet**

The latest estimates put the percentage of the population actually using the internet at between 30 and 40 percent, which is disappointing given the high availability of affordable devices and data. Part of the issue might lie with family structures in rural areas, where often fathers have control of a single family smartphone.

**People with a Bank Account or Mobile Money Account**

This number is also low, but growing. Myanmar's finance sector has shown promise in its democratic era, with banks experimenting with home loans, credit cards and new account options tailored to working class people. Several failed e-money platforms have come and gone in the past decade, but some seem to be finally starting to catch on. KBZ Bank, for example, this summer reported USD 1.8 million in transfers on its new mobile wallet platform KBZ Pay. Yoma Bank's SMART and CB Bank's iBanking platforms are also vying for users.

**What Myanmar Can Do**

To rank higher in next year's UNCTAD index, the public sector should shift its focus from telecom infrastructure

to internet penetration, especially for women in rural areas. (Fortunately, development organizations such as UNFPA have already launched programs designed to get more women on the internet.) If the government does not im-prove its postal service in the near future, it will be up to online retailers to forge their own reliable delivery net-works. With this foundation, the e-commerce sector could be well-positioned to dovetail into Myanmar's fast-growing mobile money industry.

**Western Union latest to cut ties to military**

Money transfer giant Western Union announced that it is cutting ties with the military-owned Myawaddy Bank, becoming the latest foreign company to heed the United Nations's advice and sever business ties with the Myanmar Army (Tatmadaw).

In an email obtained by the Myanmar Times, the company said: "Western Union conducts agent due diligence and oversight through periodic reviews to determine whether these agents satisfy relevant regulatory requirements and Western Union policies. As a result of such a review, Western Union has ended its contract with Myawaddy Bank, effective immediately."

Myawaddy Bank is a subsidiary of a giant military business conglomerate called Union of Myanmar Economic Holdings Ltd (UMEHL). The move comes shortly after the military faced formal charges of genocide before the International Court of Justice after 750,000 Muslims from Rakhine State left Myanmar for refuge in Bangladesh. In August, the United Nations International Independent Fact-Finding Mission on Myanmar called for a global boycott against the vast array of military linked businesses. Although Myanmar's business community battened down their legal hatches (KBZ Bank, for example, hired an American law firm after it was named in the UN report), the response from the Tatmadaw's business partners has been limited.

The announcement from Western Union, however, may be a sign that the boycott is gaining momentum following Myanmar's high profile ICJ trial. Western Union's announcement comes just weeks after Japanese beverage giant Kirin's partnership with the same conglomerate cast controversy on an unrelated business deal with an American beer company.

Boycotting the military, however, is no simple matter for foreign investors, as the Tatmadaw has interests in sectors ranging from oil and gas, to construction, to agriculture. Indeed, the prospect of avoiding the military may be enough to tip the scales for companies such as Starbucks that have been weighing a Myanmar entry.

**Source: Thura Swiss News (Issue 398 January 09, 2020)**

TIR

# STOCK EXCHANGE (10.1.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 10th Jan. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 1,373 | 15,452,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,800 | 7,138 | 27,167,300 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 4 | 32,400 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 542 | 12,195,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +100 | +3.57% | 2,900 | 2,900 | 2,800 | 854 | 2,391,400 | 12,823,224 | 37,187 |

## Market summary

As of 10th Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 465.04 | +8.51 | +1.86% | 457.46 | 465.04 | 455.62 | 9,911 | 57,238,100 | 5 | 636,784 |

### Index chart

